# ဖန်တီးမှုရှိရန်စဉ်းစားတွေးခေါ်ပါ

"ပျော်ရွှင်မှုဆိုတာ ဖန်တီးခြင်းကသာ ရနိုင်တယ်၊ အခြေမပျက်ထိန်းသိမ်းထားနိုင်ရုံဖြင့်မရပါဘူး" ဟု NFL အမေရိကန်ဘောလုံးအသင်းကြီး၏ နာမည်ကျော်နည်းပြဆရာ Vince Lambardi က ပြောခဲ့ပါသည်။ သင်၏ ဘဝရှင်သန်မှုအတွက် မည်သည့်အလုပ်ကို လုပ်နေသည်ဖြစ်ပါစေ ဖန်တီးမှုရှိမှသာ "ရွှေ" အစစ်ရပါမည်။ စာရေးဆရာ Annette Moser-Wellman က အခိုင်အမာဆိုခဲ့ပါသည်၊ "သင်၏ အလုပ်ခွင်သို့ သင်ယူလာနိုင်သော အဖိုးတန်ဆုံးအရင်းအမြစ်မှာ သင်၏ တီထွင်ဖန်တီးမှုပင်ဖြစ်ပါသည်။ သင်လုပ်ခဲ့ပြီးသမျှအလုပ်ပမာဏ၊သင်ပါဝင်ထမ်းဆောင်နိုင်ခဲ့သော အခန်းကဏ္ဍ၊ သင်၏ရာထူးဂုဏ်သိန်၊ သင်၏ ထုတ်လုပ်နိုင်စွမ်းတို့ထက် ပို၍ အရေးပါအရာရောက်သည်မှာ သင်၏ အတွေးအခေါ်များ ပင်ဖြစ်ပါသည်။" ဖန်တီးနိုင်စွမ်းရှိသော စဉ်းစားတွေးခေါ်ခြင်းစွမ်းရည်သည် ဤ၍ဤမျှအရေးကြီးပါသော်လည်း ၎င်းအရည် အချင်းအပြည့်အစုံရှိသော လူအရေအတွက်မှာမူ နည်းပါးလှပါသည်။

အကယ်၍သင့်မှာ လိုအပ်သည့်တီထွင်ဖန်တီးမှုအရည်အချင်းမရှိသေးဟုယူဆလျှင် သင်၏စဉ်းစား တွေးခေါ်ခြင်းနည်းလမ်းကို ပြောင်းလဲခြင်းဖြင့်ပြင်ဆင်နိုင်ပါသည်။ ဖန်တီးမှုရှိသော စဉ်းစားတွေးခေါ်ခြင်း သည် သင်၏ပင်ကိုယ်အရည်အချင်းဖြစ်နေရန်မလိုပါ။ လူတို့သည် သဘာဝအားဖြင့် မိမိတို့၏ ပင်ကိုယ် အတွေးအခေါ်များကိုသာ မှန်သည်ဟုထင်တတ်ကြပါသည်။ တကယ်တန်းဆိုရလျှင် ဖန်တီးမှုရှိသော စဉ်းစားတွေးခေါ်ခြင်း အများစုသည် စဉ်းစားရင်းကဖော်ထုတ်ရရှိလာသော အခြားအတွေးအခေါ်များ၏ ပေါင်းစည်းမှုများသာ ဖြစ်ကြပါသည်။ လူအများက ပင်ကိုယ်ထူးချွန်သူများဟု မှတ်သားထားခဲ့ကြသော အောင်မြင်ကျော်ကြားသည့် အနုပညာရှင်များပင်လျှင် သူတို့ပိုင်နိုင်ကျွမ်းကျင်သော ဘာသာရပ်များကို သင်ယူခဲ့ကြရခြင်း၊အခြားလူတို့လုပ်ထားခဲ့သည့် အနုပညာလက်ရာများအပေါ်မှလေ့လာဆည်းပူး သုံးသပ် ခြင်း၊အတွေးအခေါ်အယူအဆမြောက်မြားစွာကို ပေါင်းစည်းမိစေခဲ့ခြင်းနှင့် ကိုယ်ပိုင်အလုပ်အသွင်သဏ္ဍာန် ဖြစ်အောင် ဖန်တီးခြင်းတို့ကို ပြုလုပ်ခဲ့ကြကြောင်းတွေ့ရပါမည်။ မည်သည့်အနုပညာကိုမဆို အသေအချာ လေ့လာကြည့်မည်ဆိုလျှင် ရှေ့မှသွားနှင့်ကြသော အခြားအနုပညာရှင်များ လုပ်ခဲ့သောအလုပ်များ၊ အနုပညာလက်ရာများတို့နှင့် စိတ်ကူးအမျှင်တန်းဆက်သွယ်မှု ရှိနေကြသည်ကို သိရှိနိုင်ပါသည်။

**ဖန်တီးမှုရှိသော စဉ်းစားတွေးခေါ်ခြင်း၏ အင်္ဂါရပ်များ**

သင့်ကိုဖန်တီးမှုရှိသောတွေးခေါ်သူလားဟုမေးလာခဲ့လျှင် သင်သည်ဘယ်လိုပြန်ဖြေရမှန်း မသိဘဲ ဖြစ်ကောင်းဖြစ်နိုင်ပါသည်။ သို့ဖြစ်၍ ဖန်တီးမှုရှိသော တွေးခေါ်သူများတွင် ရှိတတ်သော တူညီသည့် အင်္ဂါရပ်များ အကြောင်းကို စဉ်းစားလေ့လာကြည့်စေလိုပါသည်–

**ဖန်တီးမှုရှိသောတွေးခေါ်သူများသည် အတွေးအခေါ်များကို တန်ဖိုးထားကြသည်။** ကမ္ဘာကျော် ဆန်းသစ်ဖန်တီးသူ Annette Moser-Wellman ၏ အမြင်မှာ "မြင့်မားသော တီထွင်ဖန်တီးမှုရှိသော လူတို့သည် သူတို့၏အတွေးများ၌သာ သူတို့ကိုယ်သူတို့မြုပ်နှံထားကြသည်။ သူတို့သည် ဉာဏ်စွမ်းရည် တစ်ခုတည်းအပေါ်တွင်အားကိုးခြင်းမပြုကြပါ၊သူတို့၏ပညာရပ်အပေါ်တွင်သာအားကိုးကြသည်။သူတို့၏ အတွေးအခေါ်များကို သူတို့ကတမ်းတမ်းစွဲဖြစ်သည်၊ ထိုအတွေးအခေါ်များကို အပြည့်အဝဆုံး အသုံးချနိုင် ရန်အတွက်သူတို့သည် ကျွမ်းကျင်စွာကိုင်တွယ်နိုင်ကြသည်" ဟူ၍ဖြစ်၏။ ထို့ကြောင့်တီထွင်ဖန်တီးမှု

ရှိခြင်းဆိုသည်မှာ လူတစ်ယောက် သို့မဟုတ် အဖွဲ့အစည်းတစ်ခုတွင် တန်ဖိုးထားအပ်သော အတွေးအခေါ် အယူအဆအမြောက်အမြားရှိနေခြင်းကို ဆိုလိုပါသည်။

**ဖန်တီးမှုရှိသောတွေးခေါ်သူများသည်ရွေးချယ်စရာနည်းလမ်းများကိုရှာဖွေကြသည်။** ရွေးချယ်စရာနည်းလမ်းများကို မနှစ်သက်သော ဖန်တီးမှုတွေးခေါ်ရှင်ကိုမတွေ့ဖူးပါ။ ဖြစ်နိုင်ချေအများအပြားကို စူးစမ်းရှာဖွေခြင်းသည် စိတ်ကူးဉာဏ်ကိုနှိုးဆွပေးနိုင်ပါသည်။ ထိုစိတ်ကူးဉာဏ်သည် တီထွင်ဖန်တီးမှုအတွက် အလွန်အရေးကြီးသောလိုအပ်ချက်ဖြစ်သည်။ ထို့ကြောင့်လည်း တွေးခေါ်ရှင်နှင့် သိပ္ပံပညာရှင်ကြီး Albert Einstein ကထောက်ပြထားခဲ့သည်။ "စိတ်ကူး(Imagination)သည် အသိပညာ (Knowledge)ထက် ပို၍ အရေးကြီးသည်" ဟူ၍ဖြစ်သည်။

စာရေးသူ Maxwell ကိုယ်တိုင်လည်းရွေးချယ်စရာနည်းလမ်းများအပေါ် အလွန်တန်ဖိုးထားကြောင်း စာရေးသူနှင့်နီးစပ်သူတိုင်းကသိကြပါသည်။ အဘယ့်ကြောင့်ထိုသို့တန်ဖိုးထားရသနည်းဆိုသော် ထိုရွေးချယ်စရာနည်းလမ်းများသည် သာမန်အဖြေ မဟုတ်သော အကောင်းဆုံး အဖြေတစ်ခုကို ရရှိရန်အတွက် မရှိမဖြစ်လိုအပ်သောကြောင့် ဖြစ်ပါသည်။

ကောင်းမွန်သော စဉ်းစားတွေးခေါ်သူများသည် မည်သည့်ပြဿနာအတွက်မဆို အကောင်းဆုံး အဖြေများကို ယူဆောင်လာနိုင်ကြပါသည်။ သူတို့သည် ရွေးချယ်နိုင်သော နည်းလမ်းများအတွက် အထောက်အကူပြုမည့် စီမံချက်များကိုလည်း တီထွင်ဖန်တီးနိုင်ကြသည်။ ဤသို့ဖြင့် အခြားလူများတွင် မရှိသော လွတ်လပ်စွာ ရွေးချယ်ခွင့်ကို သူတို့က ရရှိကြခြင်းဖြစ်သည်။ ထို့ကြောင့်သာ သူတို့သည် အခြားလူများကို လွှမ်းမိုး၍ ခေါင်းဆောင်နိုင်ကြခြင်းဖြစ်ပါသည်။

**ဖန်တီးမှုရှိသောတွေးခေါ်သူများသည်မသေချာမရေရာဖြစ်ခြင်းကိုလက်ခံနိုင်ကြသည်။** စာရေးဆရာ H.L. Mencken က ပြောပါသည်၊ "တုံးတဲ့လူတွေကတော့ အမြဲတမ်းသေချာနေတာပဲ၊ သေချာတယ်လို့ ပြောတဲ့လူတွေကလည်းအမြဲတုံးနေတာပဲ"။ မသေချာမရေရာသောအချက်အလက်များကို လုံးဝဖယ်ရှားရှင်းလင်းပစ်ရန် လိုအပ်သည်ဟု ဖန်တီးမှုရှိသော တွေးခေါ်သူများက မခံယူကြပါ။ လူ့ဘဝတွင် မပြည့်စုံခြင်းနှင့်ဟာကွက်များသည် ပုံသဏ္ဌာန်အမျိုးမျိုးဖြင့် ရှိနေကြသည်ကို သူတို့က သိမြင်ကြပါသည်။ ဤဟာကွက်များကို စူးစမ်းရှာဖွေရခြင်းအလုပ်နှင့် သူတို့၏ စိတ်ကူးစိတ်သန်းများဖြင့် ဖြည့်တင်းပေးရသော အလုပ်တို့ကိုလည်း သူတို့ကပျော်ရွှင်စွာ လုပ်ကိုင်ကြပါသည်။

**ဖန်တီးမှုရှိသောတွေးခေါ်သူများသည် မျှော်လင့်ထားသလိုမဖြစ်ခြင်းကို အသိအမှတ်ပြုကြသည်။**

ဖန်တီးမှုရှိခြင်း၏သဘာဝက သွားရိုးသွားစဉ်လမ်းမှဖယ်ခွာရခြင်းနှင့် စိတ်မတွေ့ဘဝင်မကျစရာများအတွင်းမှစူးစမ်းရှာဖွေရခြင်းတို့ပါဝင်ပါသည်။သံတမန်တစ်ဦးနှင့် Yale တက္ကသိုလ်၏ သက်တမ်းရှည်အဓိပတိတစ်ဦးဖြစ်သော Kingman Brewster က "ဖန်တီးမှုရှိခြင်းနှင့် ရူးကြောင်ခြင်းတို့အကြားတွင် ဆက်နွယ်မှုတစ်ခုရှိပါတယ်၊ ထို့ကြောင့် မိမိတို့သည် ရူးကြောင်ခြင်းကိုသည်းခံနိုင်စွမ်းရှိရပါမယ်" ဟုပြောခဲ့ပါသည်။ သင့်ကိုယ်သင် သို့မဟုတ် အခြားလူများ၏ ဖန်တီးမှုရှိခြင်းကို အားပေးမြှင့်တင်လိုပါလျှင် အနည်းငယ်အူကြောင်ကြောင်နိုင်ခြင်းကို သည်းခံခွင့်လွှတ်ရန် ဆန္ဒရှိရပါမည်။

**ဖန်တီးမှုရှိသော တွေးခေါ်သူများသည် အဆက်အစပ်မရှိသည်ကို ချိတ်ဆက်ပေးနိုင်ကြသည်။**

ဖန်တီးမှုရှိခြင်းသည် အခြားလူတို့၏ အတွေးအခေါ်များကို အသုံးဝင်အောင် ပြုလုပ်ပေးခြင်း ဖြစ်သောကြောင့် တစ်ယောက်၏အတွေးအခေါ်နှင့် အခြားတစ်ယောက်၏ အတွေးအခေါ်တို့သည် ဆက်စပ်မှု

မရှိဟုထင်ရသော်လည်း ၎င်းတို့ကို ချိတ်ဆက်ပေးနိုင်လျှင် အလွန်တန်ဖိုးရှိပါသည်။ ပန်းချီဒီဇိုင်းပညာရှင် Tim Hansen က"ဖန်တီးမှုရှိခြင်းကို ဆက်စပ်မှုများပြုလုပ်ခြင်း၊ အတွေးများနှီးနှောခြင်း နှင့် အကြောင်းအရာများကိုနည်းလမ်းအသစ်ဖြင့် ဖော်ပြခြင်းစွမ်းဆောင်ရည်တို့ဖြင့် သိသာထင်ရှားစွာထုတ်ဖော်နိုင်သည်" ဟု ပြောခဲ့ပါသည်။

အတွေးသစ်များကို ဖန်တီးခြင်းသည် မော်တော်ကားတစ်စီးဖြင့် ခရီးထွက်ရသည်နှင့်တူသည်။ သင်ဘယ်ကိုသွားနေသည်ကို သိသော်လည်း ခရီးလမ်းအဆုံးကို ရောက်မှသာ ခရီးမထွက်ခင်က မရနိုင်သောအမြင်နှင့်အတွေ့အကြုံကို ရရှိနိုင်ပါသည်။ ဖန်တီးမှုရှိသော စဉ်းစားတွေးခေါ်ခြင်းလုပ်ငန်းစဉ်ကို အောက်ပါပုံစံနှင့် ဖော်ပြနိုင်ပါသည်–

**စဉ်းစားတွေးခေါ် ⟶ စုစည်း ⟶ ဖန်တီး ⟶ မှန်အောင်ပြင် ⟶ ဆက်စပ်**

စဉ်းစားတွေးခေါ်မှုကို စတင်ချိန်တွင် သင်သည်အချက်အလက်မှန်သမျှကို လွတ်လပ်စွာ စုစည်းနိုင်သည်။ "ဤအတွေးအခေါ်နှင့်ဆက်စပ်သောအကြောင်းအရာဘာရှိသလဲ"ဟု မိမိကိုယ်မိမိ မေးနိုင်သည်။ အကြောင်းအရာအချက်အလက်ရရှိပြီဆိုသည့်အခါတွင် "ဤအတွေးအခေါ်ကို ပိုမိုကောင်းမွန် လာစေရန် မည်သည့်စိတ်ကူး အကြံအစည်ကို ထည့်သွင်းရမလဲ" ဟု ထပ်မေးရပါမည်။ ဤအချက်သည် အတွေးအခေါ်တစ်ရပ်ကို နောက်တစ်ဆင့်တိုးတက်လာစေရန် စတင်ပြုလုပ်ပေးခြင်းဖြစ်ပါသည်။ ထို့နောက် သင်သည် အတွေးအခေါ်ကို မှန်အောင်ပြင်ခြင်း သို့မဟုတ် သန့်စင်ခြင်း ပြုလုပ်ရပါမည်။ "ဤအတွေးအခေါ်များကိုပိုမိုကောင်းမွန်လာစေရန် မည်သည့်ပြုပြင်ပြောင်းလဲခြင်းများကို ပြုလုပ်ပေးရမလဲ" ဟု မေးရပါမည်။ နောက်ဆုံးတွင် သင်၏အတွေးအခေါ်များကို မှန်ကန်သော ဆက်စပ်မှုအစီအစဉ်အတိုင်း နေရာချထားပေးခြင်းဖြင့်ပြည့်စုံ၍စွမ်းအားကောင်းသောအတွေးအခေါ်များ အဖြစ်သို့ရောက်ရှိလာစေပါသည်။

**ဖန်တီးမှုရှိသော တွေးခေါ်သူများသည် ရှုံးနိမ့်ခြင်းကို မကြောက်ကြပါ။** ဖန်တီးမှုရှိရန်အတွက် သင့်မှာ ရှုံးနိမ့်ခြင်းကို မကြောက်သော စွမ်းရည်ရှိရန်လိုအပ်ပါသည်။ အဘယ့်ကြောင့်ဆိုသော် ဖန်တီးမှုရှိခြင်းသည် ရှုံးနိမ့်ခြင်းနှင့် ညီမျှသောကြောင့်ဖြစ်သည်။ ဤဖော်ပြချက်ကို သင်အံ့သြကောင်း အံ့သြပါမည်၊ သို့သော်၎င်းသည်အမှန်ဖြစ်ပါသည်။ အမေရိကန်တွေးခေါ်ရှင် Charles Frankel က အခိုင်အမာ ဆိုပါသည်၊ "စိုးရိမ်ကြောင့်ကြမှုသည် ဉာဏ်ရည်ထက်မြက်ပြီး အနုပညာမြောက်သော ဖန်တီးမှုတိုင်းအတွက် မရှိမဖြစ်လိုအပ်သော အခြေအနေတစ်ရပ်ဖြစ်သည်" ဟူ၏၊ ထို့ကြောင့် ဖန်တီးမှုရှိရန်အတွက် သင့်မှာ မိုက်မဲသည်ဟူသောအမြင်ကို လိုလိုလားလား ခံယူရဲသော ဆန္ဒရှိရန်လိုအပ်သည်။ ဆိုလိုသည်မှာ သင်သည် တစ်ယောက်ထီးတည်းအဖြစ်ကိုလက်ခံနိုင်ပြီး "တစ်ကိုယ်တည်းသမားများကသာ စံချိန်ချိုး နိုင်ကြသည်"ဟူသော ယုံကြည်ချက်ရှိသူဖြစ်ရမည်။ ဖန်တီးမှုရှိသော တွေးခေါ်သူများသည် ဤအခြေအနေကို ကောင်းစွာနားလည်ကြပြီး အတွေးသစ်များကို ဆက်လက်ရှာဖွေနေကြသည်။ အလုပ်မဖြစ်သော အတွေးများကြောင့် အလုပ်ဖြစ်သော အတွေးများရှာဖွေမှုကို ရပ်တန့်စေခြင်းငှာ မဖြစ်စေရပါ။

**ဖန်တီးမှုရှိသော စဉ်းစားတွေးခေါ်ခြင်း၏ ပျော်ရွှင်မှုကို ဘာကြောင့်ရှာဖွေဖော်ထုတ်သင့်သလဲ**

ဖန်တီးမှုရှိခြင်းသည် လူတစ်ယောက်၏ ဘဝအရည်အချင်းကို တိုးတက်စေပါသည်။ ဖန်တီးမှုရှိသော စဉ်းစားတွေးခေါ်ခြင်းက သင့်အတွက် လုပ်ပေးနိုင်သော အလားအလာငါးခု မှာ အောက်ပါ အတိုင်းဖြစ်ပါသည်–

(၁) **ဖန်တီးမှုရှိသောစဉ်းစားတွေးခေါ်ခြင်းသည် အရာရာကိုတန်ဖိုးမြှင့်တင်ပေးသည်။** အကန့်အသတ်မရှိသော အတွေးအခေါ်အကြံအစည်များ စုစည်းသိုလှောင်ရာဌာနကြီးတစ်ခုမရချင်ဘူးလား၊ သင်လိုအပ်သောအကြံအစည်ကိုလိုအပ်သောအချိန်မှာထုတ်သုံးနိုင်လျှင်အလွန်ပျော်စရာကောင်းပါမည်။ ဖန်တီးမှုရှိသောစဉ်းစားတွေးခေါ်ခြင်းသည် သင့်အတွက် ဤအလုပ်ကိုလုပ်ပေးနိုင်ပါသည်။ဤအကြောင်းကြောင့် ပါပဲလက်ငင်းအခြေအနေတွင် သင်က ဘာပဲလုပ်နိုင်သည်ဖြစ်ပါစေ၊ ဖန်တီးမှုရှိခြင်းက သင်၏စွမ်းဆောင်ရည်ကို မြှင့်တင်ပေးပါလိမ့်မည်။

ဖန်တီးမှုရှိခြင်းသည် အခြားလူများမြင်သည့်အတိုင်းမြင်နိုင်စေပြီးအခြားမည်သူမျှမစဉ်းစားခဲ့သည့်ကိစ္စကိုစဉ်းစားနိုင်စေခြင်းဖြင့် သင့်အားအခြားမည်သူမျှ မလုပ်နိုင်သေးသည့် အလုပ်ကို လုပ်နိုင်စေသည်။ တစ်ခါတစ်ရံတွင် ဖန်တီးမှုရှိသောစဉ်းစားတွေးခေါ်ခြင်းသည်တီထွင်မှုလမ်းကြောင်း (Lines of invention) နှင့်တစ်ထပ်တည်းဖြစ်သောကြောင့် နယ်မြေအသစ်သို့ထိုးဖောက်ဝင်ရောက်နိုင်၏။ သို့သော်များသောအားဖြင့်ဖန်တီးမှုရှိသောစဉ်းစားတွေးခေါ်ခြင်းသည် ဆန်းသစ်ပြောင်းလဲမှုလမ်းကြောင်း (Lines of innovation) အတိုင်းသွားသောကြောင့် ပစ္စည်းအဟောင်းကို နည်းလမ်းအသစ်ဖြင့် ပြုလုပ်ခြင်း ဖြစ်သည်။ မည်သို့ပင်ဖြစ်စေလမ်းကြောင်းနှစ်ခုလုံးသည် ကမ္ဘာကြီးအား အမြင်သစ်များဖြင့်ရှုမြင်ခြင်းဖြင့် အဖြေသစ်များကို ပေါ်ထွက်လာစေပါသည်။ ထိုအဖြေသစ်များတွင်ပို၍ မြင့်မားသောတန်ဖိုးများပါရှိလာမည်မှာမလွဲပါ။

(၂) **ဖန်တီးမှုရှိသော စဉ်းစားတွေးခေါ်ခြင်းသည် ထပ်တိုးစေသည်။** စာရေးသူ Maxwell ၏နှစ်ပေါင်းများစွာလေ့လာတွေ့ရှိချက်အရ ဖန်တီးမှုရှိသော စဉ်းစားတွေးခေါ်ခြင်းသည် ခက်ခဲပင်ပန်းသောအလုပ်ဖြစ်သည်။ သို့သော် လုံလောက်သောအချိန်နှင့်စူးစိုက်မှုတို့သာ ရရှိခဲ့လျှင် ၎င်းသည် ထပ်ပေါင်းခြင်းဖြင့် တိုးပွားစေနိုင်ပါသည်။

အခြားသောစဉ်းစားတွေးခေါ်နည်းများနှင့် နှိုင်းစာလျှင်ဖန်တီးမှုရှိသော စဉ်းစားတွေးခေါ်ခြင်းသည် သူ့ဘာသာသူ ရပ်တည်ပြီး စဉ်းစားတွေးခေါ်သူ၏ ဖန်တီးမှုကို တိုးပွားစေသည်။ ကဗျာဆရာမကြီး Maya Angelou ၏အမြင်မှာ"ဖန်တီးမှုကို ကုန်အောင်သုံးပစ်လို့မရဘူး၊ ပို၍သုံးစွဲလေပို၍ရလေပဲ၊ စိတ်မကောင်းစရာကတော့ မကြာခဏဆိုသလို ဖန်တီးမှုသည် ပြုစုပျိုးထောင်ခြင်းခံရသည်ထက် ဖိသိပ်နင်းချေခြင်းခံရတာပါပဲ။ဒါကြောင့် အမြင်အာရုံဖြင့် နားလည်စေခြင်း၊ မေးခွန်းထုတ်ခြင်းစသည့် စဉ်းစားတွေးခေါ်မှုနည်းလမ်းအသစ်များကို အားပေးသည့် ပတ်ဝန်းကျင်အခြေအနေတစ်ခုရှိသင့်တယ်" ဟူ၍ ဖြစ်သည်။ အကယ်၍သင်သည် ဖန်တီးမှုကို စောင့်ရှောက်ထိန်းသိမ်းပေးသော ပတ်ဝန်းကျင်တစ်ခုဖြင့်သာဖန်တီးမှုရှိသော စဉ်းစားတွေးခေါ်ခြင်းကို ပြုစုပျိုးထောင်မည်ဆိုပါက သင့်မှာ မည်ကဲ့သို့သော အတွေးအခေါ်အကြံအစည်အသစ်များ ရရှိလာမည်ဆိုသည်မှာ မခန့်မှန်းနိုင်ပါ။

(၃) **ဖန်တီးမှုရှိသော စဉ်းစားတွေးခေါ်ခြင်းသည် လူတို့အားဆွဲဆောင်နိုင်သည်။** ဖန်တီးမှုရှိခြင်းသည် ပျော်ရွှင်စရာများပါရှိသော ဉာဏ်ပညာထက်မြက်မှု ဖြစ်သည်။ လူတို့သည် ဉာဏ်ပညာထက်မြက်မှုကို လေးစားအားကျကြသည်။ ပျော်ရွှင်မှုကလည်း သူတို့ကို ဆွဲဆောင်နိုင်သည်။ ထို့ကြောင့် ဤအချက်နှစ်ချက်ကို ပူးပေါင်းလိုက်သောအခါ အကြီးအကျယ်ရင်သပ်ရှုမောဖွယ်ဖြစ်စေပါ သည်။ ဉာဏ်ပညာထက်မြက်မှုကို ပျော်ရွှင်စရာဖြစ်အောင် လုပ်နိုင်သူကို ဖော်ပြပါဟုဆိုလျှင် Leonardo da Vinci ကိုလက်ညှိုးထိုးပြ ရမည်ဖြစ်ပါသည်။ သူ၏ကျယ်ပြန့်စွာဖြန့်ခွဲနိုင်သော အတွေးအခေါ်များနှင့် ကျွမ်းကျင်မှု

တို့သည် လူတို့ကို အကြီးအကျယ်အံ့အားသင့်စေခဲ့ပါသည်။ သူသည်ပန်းချီဆရာ၊ ဗိသုကာပညာရှင်၊ ပန်းပုဆရာ၊ ခန္ဓာဗေဒလေ့လာသူ၊ အတီးအမှုတ်ကျွမ်းကျင်သူ၊တီထွင်သူနှင့်အင်ဂျင်နီယာတစ်ဦးဖြစ်သည်။ "ဘက်စုံတော်သူ" ဟူသော အသုံးအနှုန်းသည် သူ့အတွက် တမင်တီထွင်ထားသော စကားလုံးလားဟု ထင်ရသည်။

တစ်ချိန်က Da Vinci နှင့်သူ၏ အတွေးအခေါ်များသည် လူတို့အား ဆွဲဆောင်နိုင်ခဲ့သလို ယခုခေတ်တွင်လည်း တီထွင်ဖန်တီးရှင်များသည် လူတို့အားဆွဲဆောင်နိုင်နေဆဲပင်ဖြစ်ပါသည်။ အကယ်၍ သင်သာ တီထွင်ဖန်တီးမှုကိုပြုစုပျိုးထောင်နိုင်မည်ဆိုပါက လူတို့အား သင့်ထံသို့ ဆွဲဆောင်နိုင်မည်မှာ အမှန်ပင်ဖြစ်ပါသည်။

**(၄) ဖန်တီးမှုရှိသော စဉ်းစားတွေးခေါ်ခြင်းသည် ပိုမိုသင်ယူနိုင်စေသည်။** စာရေးဆရာနှင့် ဖန်တီးမှုပညာရှင် Ernie Zelinski က"ဖန်တီးမှုရှိခြင်းဆိုတာ ဘာတစ်ခုမျှ မသိနားမလည်ခြင်း၏ ပျော်ရွှင်မှုပါပဲ၊ မသိနားမလည်ခြင်းဆိုသည်မှာ လောကကြီးတွင် အဖြေတွေအားလုံး အဆင်သင့်ရှိနေခြင်းဆိုတာ အလွန်ဖြစ်ခေါင့်ဖြစ်ခဲအခြေအနေဖြစ်ကြောင်း နားလည်သဘောပေါက်ခြင်းကို ရည်ညွှန်းပါတယ်။ မည်သည့်ပြဿနာကိုမဆို မိမိတို့သည် အဖြေများကို ပိုမိုထုတ်လုပ်ပေးနိုင်စွမ်း အမြဲတမ်းရှိကြပါတယ်။ ဖန်တီးမှုရှိခြင်းဖြင့် မိမိတို့သည် ဘဝ၏ပြဿနာများအပေါ်မှ အခွင့်အရေး တစ်ပြုံတစ်ခေါင်းကြီးကို စိတ်ကူးနိုင်ခြင်း သို့မဟုတ် တွေ့မြင်နိုင်ခြင်းရှိကြပါတယ်။ ဒါကြောင့်ဖန်တီးမှုရှိခြင်းဆိုသည်မှာ ရွေးချယ်စရာများရှိခြင်းပင်ဖြစ်ပါတယ်" ဟု ပြောခဲ့ပါသည်။

အကယ်၍ သင်သည်အမြဲတမ်းအတွေးသစ်အမြင်သစ်များကို တက်ကြွစွာ ရှာဖွေနေမည်ဆိုလျှင် သင်ယူခွင့်များစွာရရှိနိုင်မည်မှာ ပြောစရာမလိုလောက်အောင် ရှင်းလင်းလှပေသည်။ တစ်နည်းအားဖြင့် ဖန်တီးမှုရှိခြင်းသည် သင်ကြားမှုခံယူနိုင်စွမ်းရှိခြင်းပင်ဖြစ်သည်။ ပြဿနာများထက် အဖြေများကို ပိုမိုရှာဖွေပေးနိုင်သည်။ စဉ်းစားတွေးခေါ်မှုအရေးအတွက် ကြီးမားလာလေ၊ အသစ်အဆန်းများကို သင်ယူနိုင်မှုအခွင့်အရေးကပိုရှိလေဖြစ်ပါသည်။

**(၅) ဖန်တီးမှုရှိသော စဉ်းစားတွေးခေါ်ခြင်းသည် ပိုနေမြဲကျားနေမြဲအခြေအနေကို စိန်ခေါ်သည်။** သင်၏ကမ္ဘာ သို့မဟုတ် သင်၏ကိုယ်ပိုင်အခြေအနေတစ်ခုကိုတိုးတက်စေလိုသော ဆန္ဒရှိလျှင်ဖန်တီးမှုရှိခြင်းက သင့်ကို ကူညီပါလိမ့်မည်။ ပိုနေမြဲကျားနေမြဲ အခြေအနေနှင့် ဖန်တီးမှုရှိခြင်းတို့သည် သဟဇာတမဖြစ်ကြပါ။ ဖန်တီးမှုရှိခြင်းနှင့် ဆန်းသစ်ပြောင်းလဲခြင်းတို့သည် အစဉ်အမြဲ လက်ချင်းချိတ်တွဲလျက် လျှောက်လှမ်းနေကြပါသည်။

## ဖန်တီးမှုရှိသော စဉ်းစားတွေးခေါ်ခြင်း၏ ပျော်ရွှင်မှုကို ဘယ်လိုရှာဖွေဖော်ထုတ်ရမလဲ

ယခုအချိန်တွင် စာရှုသူ၏ စိတ်ထဲ၌ "ကောင်းပါပြီ၊ ဖန်တီးမှုရှိသော စဉ်းစားတွေးခေါ်ခြင်း၏ အရေးကြီးမှုကိုတော့ လက်ခံပါပြီ၊ ဒါပေမဲ့ မိမိရဲ့ကိုယ်ထဲမှာ ဖန်တီးမှုကို ဘယ်လိုရှာဖွေရမလဲ၊ ဖန်တီးမှုရှိသောစိတ်ကူး၏ပျော်ရွှင်မှုကို ဘယ်လိုဖော်ထုတ်ရမလဲ" ဟုမေးခွန်းများထုတ်လာနိုင်ပါသည်။ နည်းလမ်းငါးသွယ်အဖြေလွယ်ကို ဆက်လက်ဆွေးနွေးသွားပါမည်-

**(၁) ဖန်တီးမှုသူသတ်သမားများကို ဖယ်ရှားပါ။** ဘောဂဗေဒပါမောက္ခနှင့်ဟာသစာရေးဆရာ Stephen Leacock က "ပုဂ္ဂိုလ်ရေးအရပြောချင်တာက ကျွန်တော်ဟာ စွယ်စုံကျမ်းတစ်အုပ်လုံးရေးရမှာထက်နိုင်းယှဉ်လျှင် 'အံ့ဖွယ်ကမ္ဘာကမိန်းကလေး' စာအုပ်ကို မြန်မြန်ဆန်ဆန်ရေးလိုက်ချင်တယ်"

ဟု ပြောခဲ့ပါသည်။ သူကခံစားမှုမပါသော အချက်အလက်များထက် ဖန်တီးခြင်း၏ နွေးထွေးမှုကို ပို၍ တန်ဖိုးထားပါသည်။ သင်လည်းသူ့လိုပဲဆိုလျှင် ဖန်တီးမှုရှိသော စဉ်းစားတွေးခေါ်ခြင်း၏ တန်ဖိုးကို လျော့ကျသွားစေနိုင်မည့်သဘောထားများကို နည်းအောင်ပြုလုပ်ရပါမည်။

အောက်ပါစကားရပ်များသည် ဖန်တီးမှုရှိသောစဉ်းစားတွေးခေါ်ခြင်းကို ကြားသည့်နေရာတွင်ပင် အသေသတ်ပစ်မည်ဟု ဆုံးဖြတ်ထားသကဲ့သို့ရှိနေပါသည်–

– ငါဟာ ဖန်တီးမှုရှိတဲ့လူမဟုတ်ဘူး၊
– စည်းမျဉ်းများအတိုင်းသာ လိုက်နာပါ၊
– မေးခွန်းများမမေးပါနှင့်၊
– ကွဲပြားခြားနားအောင် မလုပ်ပါနှင့်၊
– လိုက်လျောညီထွေနေပါ၊
– ဒီနည်းလမ်းတစ်ခုပဲရှိတယ်၊
– မရူးချင်ပါနဲ့၊
– လက်တွေ့ကျပါ၊
– အလေးအနက်ထားပါ၊
– ကိုယ့်ပုံရိပ်ကိုယ်စဉ်းစားပါ၊
– ထိုအရာသည် ယုတ္တိမရှိဘူး၊
– ဒါလက်တွေ့မကျဘူး၊
– ဒါမျိုးတစ်ခါမှ မလုပ်ခဲ့ဖူးဘူး၊
– ဒါကတော့ လုပ်လို့မရနိုင်ပါဘူး၊
– ဘယ်သူ့အတွက်မှ အကျိုးမရှိပါဘူး၊
– ဒါမျိုးယခင်က လုပ်ခဲ့ဖူးပြီ၊
– ဒီအလုပ်က ကြီးမားလွန်းတယ်၊
– အမှားအယွင်းတစ်ခုခုဖြစ်လို့မရဘူးလေ၊
– စီမံအုပ်ချုပ်ဖို့ သိပ်ခက်တယ်၊
– ငါတို့မှာ အချိန်မရှိဘူး၊
– ငါတို့မှာ ငွေမရှိဘူး၊
– ဟုတ်တော့ဟုတ်တယ် ဒါပေမဲ့၊
– ဒီလုပ်ဆောင်ချက်က မဆီလျော်ပေ့ါပျက်လွန်းပါတယ်၊
– နောက်ဆုံးတော့ရှုံးနိမ့်ရမှာပါပဲ။

သင့်မှာကြီးကျယ်သော အတွေးအခေါ်တစ်ရပ်ရှိနေပြီဆိုလျှင် ဤအတွေးအခေါ်သည် အသုံး မကျ ဟုထင်နေရသော်လည်း သင်သည်ထိုအတွေးအခေါ်ကို စွန့်လွှတ်ရန် အခြားလူတစ်ယောက် က လာပြော ခြင်းကိုလက်မခံပါနှင့်။ သင့်ကိုယ်သင်သော်လည်းကောင်း၊ အခြားလူတစ်ယောက်ကိုလည်းကောင်း၊ ဖန်တီးမှုသူသတ်သမားအဖြစ် မရောက်ပါစေနှင့်။ သင်ကိုယ်တိုင်လှည်းဘီးရာ အဟောင်းထဲမှာပဲ ဆက်နေ မည်ဆိုလျှင်တော့ စိတ်လှုပ်ရှားဖွယ်အသစ်အဆန်းကို ဘာတစ်ခုမျှလုပ်နိုင်မည်မဟုတ်ပါ။ သင်သည်

လုပ်နည်းအဟောင်း၊ ဝတ္ထုပစ္စည်းအဟောင်းတို့ဖြင့်ပိုမိုပြင်းထန်စွာ အားထုတ်နေရုံမျှဖြင့် မလုံလောက်ပါ၊ ပြောင်းလဲ ခြင်းကိုလုပ်ရပါမည်။

**(၂) မှန်ကန်သောမေးခွန်းများမေးခြင်းဖြင့် ဖန်တီးမှုရှိစွာစဉ်းစားတွေးခေါ်ပါ။** ဖန်တီးမှုရှိခြင်းသည်မှန်ကန်သောမေးခွန်းများမေးတတ်ခြင်းအပေါ် များစွာတည်ပါသည်။စီမံခန့်ခွဲမှု လေ့ကျင်ရေးမှူး Sir Antony Jay က "ဖန်တီးမှုမရှိသော စိတ်ဓါတ်သည် မှားယွင်းသော အဖြေများကို ကွင်းကွင်းကွက်ကွက်တွေ့မြင်ရသည်။ သို့သော်မှားယွင်းသော မေးခွန်းများကို တွေ့ရှိနိုင်ရန်အတွက်မူ ဖန်တီးမှုရှိသောစိတ်ရှိရပါမည်" ဟုပြောခဲ့ပါသည်။ မည်သို့ပင်ဖြစ်စေ မှားယွင်းသောမေးခွန်းများသည် ဖန်တီးမှုရှိသောစဉ်းစားတွေးခေါ်ခြင်းလုပ်ငန်းစဉ်ကိုအကျိုးမပြုဘဲရပ်တန့်စေပါသည်၊ထိုမေးခွန်းများသည်တွေးခေါ်သူများကို လမ်းဟောင်းအတိုင်းသာလိုက်စေပါသည်။ တစ်ခါတစ်ရံတွင် စဉ်းစားတွေးခေါ်ရန် မလိုတော့ကြောင်းဖော်ပြကြသည်။ အကယ်၍သင်သည် ဖန်တီးမှုရှိသော စဉ်းစားတွေးခေါ်ခြင်းကို အားပေးမြှင့်တင်လိုပါက အောက်ပါကဲ့သို့သော မေးခွန်းများမေးရပါမည်–

- ဒီကိစ္စကို ဘာကြောင့် ဒီနည်းလမ်းအတိုင်းလုပ်ရသလဲ၊
- ပြဿနာရဲ့အခြေအမြစ်ကဘာလဲ၊
- အခြေခံအကြောင်းရင်းကဘာလဲ၊
- ဒီအချက်က မိမိကိုဘာသတိပေးနေသလဲ၊
- ဆန့်ကျင်ဘက် အကြောင်းတရားကဘာလဲ၊
- မည်သည့်ဥပစာ သို့မဟုတ် သင်္ကေတအမှတ်သညာ ဖြင့် ရှင်းပြနိုင်မလဲ၊
- ဒီကိစ္စဘာကြောင့်အရေးကြီးရသလဲ၊
- ဒီကိစ္စကိုလုပ်ဆောင်ရန် အခက်ခဲဆုံး သို့မဟုတ် အကုန်အကျအများဆုံးနည်းလမ်းကဘာလဲ၊
- ကွဲပြားခြားသောအမြင် မည်သူ့ထံတွင်ရှိသလဲ၊
- ဒီကိစ္စကို လုံးဝမလုပ်ဘဲထားခဲ့လျှင် ဘာဖြစ်လာမလဲ။

စာရှုသူသည် မေးရမည့်မေးခွန်းများနှင့်ပတ်သက်၍ အကြမ်းဖျင်းအတွေးရလောက်ပါပြီ။ သင့်ဘာသာသင် ပိုမိုကောင်းမွန်သောမေးခွန်းများမေးလာနိုင်ပါလိမ့်မည်။ ရူပဗေဒပညာရှင် Tom Hirschfield ၏ အမြင်မှာ"သင်ကသာဘာကြောင့်လဲ၊ ဘာကြောင့်လဲဟူ၍ မကြာခဏ မမေးခဲ့ဘူးဆိုလျှင် အခြားလူများက သင့်ကို ဘာကြောင့်ဒီနေရာကိုရောက်လာရသလဲဟု မေးကြပါလိမ့်မည်" ဟူ၍ဖြစ်သည်။ ဖန်တီးမှုရှိစွာစဉ်းစားတွေးခေါ်လိုလျှင် သင်သည် ကောင်းမွန်သောမေးခွန်းများစွာကို မေးရပါမည်။ သို့မှသာ သင်သည် လုပ်ငန်းစဉ်ကို စိန်ခေါ်နိုင်ပါမည်။

**(၃) ဖန်တီးမှုရှိသော ပတ်ဝန်းကျင်ကို ထူထောင်ပါ။** စီမံခန့်ခွဲမှုအကြံပေးနှင့် ရှေ့နေတစ်ဦးဖြစ်သော Charlie Brower က "အတွေးအခေါ် အသစ်တစ်ခုသည် နူးညံ့သိမ်မွေ့လှပါတယ်၊ လှောင်ပြုံးကလေးတစ်ချက် သို့မဟုတ် သမ်းဝေခြင်းတစ်ခါမျှဖြင့်လည်း သေသွားနိုင်ပါတယ်၊ ပညာသားပါပါပြောသည့်စကားတစ်ခွန်းကြောင့် ဓါးနှင့်အထိုးခံရသကဲ့သို့ နာကျင်စေပြီး အသက်ဆုံးရှုံး သွားစေနိုင်ပါတယ်၊မျက်မှောင်တစ်ချက်ကြုတ်လိုက်ခြင်းဖြင့်လည်းသေလုမြောပါးခံစားရနိုင်ပါတယ်"ဟုပြောခဲ့ပါသည်။ အပြုသဘောမဆောင်သော ပတ်ဝန်းကျင်များသည် ကြီးမားသော အတွေးအခေါ်ထောင်ပေါင်းများစွာကို မိနစ်တိုင်းတွင် သတ်ဖြတ်နေကြပါသည်။

ဖန်တီးမှုရှိသော ပတ်ဝန်းကျင်တွင်ကား စိုက်ပျိုးရေးသုံး ဖန်လုံအိမ်ကဲ့သို့ အတွေးအခေါ်များသည် ထိုနေရာ၌ မျိုးစေ့ချသည်၊ စတင်ပေါက်သည်၊ သီးပွင့်သည်။ ဖန်တီးမှုရှိသော ပတ်ဝန်းကျင်သည် အောက်ပါအင်္ဂါရပ်များနှင့်ပြည့်စုံရပါသည်–

**ဖန်တီးမှုကိုအားပေးခြင်း။** အားကစားစာရေးဆရာ David Hills ကပြောသည်၊ "ဖန်တီးမှုရှိခြင်းအကြောင်းကို လေ့လာခဲ့ရာတွင် တွေ့ရှိချက်မှာ ဝန်ထမ်းများအကြား ဖန်တီးမှုရှိခြင်း မရှိခြင်းအတွက် ပြောင်းလဲနိုင်သော အကြီးဆုံးကိန်းရှင်မှာ တစ်ခုတည်းသာရှိပါတယ်၊ ဖန်တီးမှုပြုလုပ်ရန်အတွက် သူတို့တွင် ခွင့်ပြုချက်ရှိခြင်း မရှိခြင်း ဖြစ်ပါတယ်" ဟူ၏။ ဆန်းသစ်ပြောင်းလဲခြင်းနှင့် ကောင်းမွန်သော စဉ်းစားတွေးခေါ်ခြင်းတို့ကို ပွင့်ပွင့် လင်းလင်းအားပေးခြင်းနှင့် ဆုချီးမြှင့်ခြင်းတို့သာရှိခဲ့လျှင် လူများက သူတို့တွင် တီထွင်ဖန်တီးခွင့်ရရှိပြီဟု မှတ်ယူကြပါလိမ့်မည်။

**အဖွဲ့ဝင်များအပေါ်ယုံကြည်မှုတန်ဖိုးမြင့်မားစွာထားရှိခြင်း။** ဖန်တီးမှုရှိခြင်းသည် ဆုံးရှုံးခြင်းအတွက်အမြဲစွန့်စားမှုရှိသည်။ထို့ကြောင့်လည်း ဖန်တီးမှုရှိသော လူများအပေါ် ယုံကြည်မှုရှိရန် အရေးကြီးပါသည်။ ဖန်တီးမှုတစ်ခုကို ဖော်ထုတ်သော လုပ်ငန်းစဉ်တွင် အတူတကွလုပ်ကိုင်နေကြသူ အချင်းချင်းလည်း ယုံကြည်မှုရှိကြရန်လိုပါသည်။ သူတို့သည် ဖန်တီးမှုရှိသော အောင်မြင်သည့် အကြံအစည် အတွေးအခေါ်များကို ထုတ်လုပ်ပေးခဲ့သည့်အတွေ့အကြုံများရှိကြသည်။ ထို့အပြင်ဖန်တီးမှုရှိသောအတွေးအခေါ်မှန်သမျှသည်မည်သည့်အခါမျှအလကားမဖြစ်၊ အသေအချာအကောင်အထည်ဖော်မည် ဖြစ်ကြောင်း ယုံကြည်စိတ်ချစေရသည်။

**ဖန်တီးမှုရှိသော လူများကို ထွေးပိုက်ထားခြင်း။** ဖန်တီးမှုရှိသော လူများသည်အများနှင့်မတူခြင်းအတွက် ချီးကျူးဂုဏ်ပြုခံကြရသည်။ သို့ဖြစ်၍ သူတို့ကိုဘယ်လိုဆက်ဆံပြုမူရမလဲ၊ စာရေးသူကတော့ စီးပွားရေးစီမံခန့်ခွဲမှုစာရေးဆရာ Tom Peters ၏ အကြံဉာဏ်ကိုအသုံးပြုပါသည်။ "အသုံးမကျသူများကိုပေါင်းသင်ရှင်းလင်းပြီး အကျိုးရှိသောမျိုးစေ့များကို ပြုစုပျိုးထောင်" ဟူ၍ဖြစ်ပါသည်။ သူတို့နှင့် အတူတူနေခြင်းဖြင့်သာ ဤကိစ္စကို လုပ်နိုင်ပါသည်။ ပြင်းပြင်းထန်ထန် ခေါင်းချင်းရိုက်အဖြေရှာခြင်း (brain storming)ပြုရာတွင် သူတို့ကိုပါဝင်စေရပါသည်။ ဤစုဝေးမှုမျိုးသည် လူတို့၏စွမ်းအင်များ၊ အတွေးအခေါ်များနှင့်ရယ်သံမောသံများပြည့်နှက်နေလေ့ရှိ၍ လူတိုင်းက စိတ်ဝင်စားကြပါသည်။ စီမံကိန်းအသစ်တစ်ခု၊ ဆွေးနွေးပွဲစာတမ်းတစ်ခု သို့မဟုတ် စီးပွားရေးမဟာဗျူဟာအသစ်တစ်ခုကို ရလဒ်အဖြစ် ထွက်ပေါ်လာမည်ဆိုလျှင် အခွင့်အရေးကြီးကြီးမားမားပေးရပါမည်။ လုပ်ငန်းဌာနတစ်ခုတွင် ဤကဲ့သို့သော အခြေအနေတစ်ရပ်ဖြစ်ပေါ်လာပြီဆိုလျှင် ဖန်တီးမှုရှိသောအဖွဲ့တစ်ဖွဲ့ ရရှိလာပြီဆိုသည်ကို လူတိုင်းသိကြပါသည်။

**တီထွင်မှု(Invention) သာမက ဆန်းသစ်ပြောင်းလဲခြင်း(Innovation) အပေါ်အာရုံစူးစိုက်ခြင်း။**

GI Joe ဟုခေါ်သော လူသိများသည့် လူပ်ရှားမှုပုံရိပ်ကို ဖန်တီးခဲ့သော Sam Weston က "နယ်ပယ်အသစ် အတွေးအခေါ်အသစ်များဟာ အမှန်အတိုင်းပြောရလျှင်ရှားပါတယ်၊ ဖန်တီးမှုရှိဖို့ဆိုလျှင် ဒီလိုအတွေးအခေါ်မျိုးလည်းမလိုပါဘူး၊ ဖန်တီးမှုရှိခြင်းအတွက် ကျွန်တော့်ရဲ့ခံယူချက်ကတော့ တည်ရှိဆဲ အကြောင်းအရာနှစ်ခု သို့မဟုတ် နှစ်ခုထက်ပိုပြီး ယုတ္တိရှိရှိပေါင်းစပ်ခြင်းဖြင့် အယူအဆ အသစ်ထွက်ပေါ်လာခြင်းကိုဆိုလိုတာပါပဲ၊ ကိုယ်ပိုင်စိတ်ကူးဉာဏ်ဖြင့် အသက်မွေးဝမ်းကျောင်းမှုတစ်ခု ပြုလုပ်ရန် အကောင်းဆုံးနည်းလမ်းကတော့ ဆန်းသစ်ပြောင်းလဲခြင်း လုပ်ဆောင်ချက်များကို ဖွံ့ဖြိုး တိုးတက်လာစေ

ဖို့ပါပဲ၊ လုံးဝအသစ်ကျပ်ချွတ်အယူအဆများကိုတော့ စိတ်ကူးမနေပါနဲ့" ဟူ၍ပြောခဲ့ပါသည်။ ဖန်တီးမှုရှိသော လူတို့၏ဆိုစကားမှာ "ငါ့ကို ကောင်းမွန်သော အကြံဉာဏ်တစ်ခုပေးပါ၊ ငါက ပိုကောင်းသည့် အကြံဉာဏ်ကို ပြန်ပေးမယ်" ဟူ၍ဖြစ်ပါသည်။

**လူတို့ကိုလိုင်းအပြင်ဘက်သို့ထွက်ခွာခွင့်ပြုရန် ဆန္ဒရှိခြင်း။** လူအများစုသည်လိုင်းများအတွင်း၌ အလိုအလျောက်ရောက်နေတတ်ကြသည်။ ထိုလိုင်းများသည် လိုတစ်မျိုးမလိုတစ်မျိုး ဆွဲထားခြင်းသို့မဟုတ် လုံးလုံးလျားလျား ခေတ်မမီတော့ခြင်း ဖြစ်သည့်တိုင် ဤအတိုင်းပဲနေတတ်ကြသည်။ မိမိတို့သတိပြုရန်အချက်တစ်ချက်မှာ မိမိတို့ရင်ဆိုင်နေရသော ကန့်သတ်ချက် အများစုမှာ မိမိတို့အပေါ်အခြားလူများက ချမှတ်ထားခြင်းမဟုတ်ဘဲ မိမိတို့ဘာသာ မိမိတို့ဝင်ရောက်နေရာယူထားကြခြင်း ဖြစ်သည်ဟူသော အချက်ဖြစ်ပါသည်။ ဖန်တီးမှုမရှိခြင်းသည် မိမိတို့အား ထိုအတန်းအစားအတွင်းသို့ကျဆင်းစေခဲ့ ခြင်းဖြစ်ပါသည်။ အကယ်၍သင်သည်ပိုမို၍ ဖန်တီးမှုရှိစေလိုပါက သင့်ကိုကန့်သတ်ထားသောနယ်နမိတ် မျဉ်းများကိုစိန်ခေါ်ရပါမည်။ တီထွင်သူ Charles Kettering က "ဘယ်ပုံစံနှင့်ကြည့်ကြည့်၊ လူသားတို့၏ဖွံ့ဖြိုးတိုးတက်မှုအားလုံးသည် တည်ရှိဆဲစည်းမျဉ်းများ၏ အပြင်ဘက်မှာသာရှိကြတယ်၊ သို့မဟုတ်ပါက အသစ်ဆိုသည်မှာ ဘယ်တော့မှ ရှိလာမည်မဟုတ်ပါ" ဟုပြောခဲ့ပါသည်။ ဖန်တီးမှုရှိသော ပတ်ဝန်းကျင်ဖြစ်ရန်ထိုအချက်သည်မဖြစ်မနေ လိုအပ်ပါသည်။

**အိပ်မက်တစ်ခု၏ပါဝါကို နားလည်သဘောပေါက်ခြင်း။** ဖန်တီးမှုရှိသော ပတ်ဝန်းကျင်သည် အိပ်မက်တစ်ခု၏ လွတ်လပ်ခွင့်ကို မြှင့်တင်ပေးပါသည်။ ဖန်တီးမှုရှိသော ပတ်ဝန်းကျင်သည် မေးခွန်းတစ်ခုကိုဖြေဆိုရန်အတွက် ဗလာစာရွက်တစ်ရွက်ကို အသုံးပြုခွင့်ပေးပါသည်။ "ကျွန်တော်တို့ ပြီးမြောက်အောင်မြင်စွာလုပ်လိုသောအလုပ်တစ်ခုအတွက် ပုံတစ်ပုံဆွဲပြနိုင်မည်ဆိုလျှင် ၎င်းပုံသည် ဘာနှင့်တူမလဲ"။ ဖန်တီးမှုရှိသော ပတ်ဝန်းကျင်သည် လူမဲခေါင်းဆောင် Martin Luther King အား လူသန်းပေါင်းများစွာတို့ကို "ကျွန်တော်မှာအိပ်မက်တစ်ခုရှိတယ်" (ပန်းတိုင်တစ်ခုရှိတယ်ဟုမပြောခဲ့ပါ)ဟု စိတ်အားထက်သန်စွာပြောကြားရန် အခွင့်အရေးပေးခဲ့ပါသည်။ ပန်းတိုင်များက စူးစိုက်ရန်နေရာသတ်မှတ်ပေးထားသော်လည်း အိပ်မက်များက ပါဝါကိုပေးပါသည်။ အိပ်မက်များသည် ကမ္ဘာကြီးကို ကျယ်ပြန့်စေသည်။ ထို့ကြောင့်လည်း ဗြိတိသျှတွေးခေါ်ရှင်စာရေးဆရာ James Allen ၏အကြံပေးချက်တွင် "အိပ်မက်မက်သူများသည် ကမ္ဘာကြီးကိုကယ်ဆယ်နေသူများဖြစ်ကြသည်" ဟု ဖော်ပြပါရှိခြင်းဖြစ်ပါသည်။

**(၄) အခြားဖန်တီးမှုရှိသော လူများနှင့်အတူနေပါ။** ဖန်တီးမှုကိုအပြင်းအထန်ဆန့်ကျင်သော ပတ်ဝန်းကျင်တွင် သင်အလုပ်လုပ်နေရပြီး သင်ကိုယ်တိုင်ကလည်း ဤအခြေအနေကို ပြောင်းလဲနိုင်စွမ်းအနည်းငယ်သာရှိမည်ဆိုလျှင် သင်ဘာလုပ်မလဲ။ ဖြစ်နိုင်ချေရှိသော နည်းလမ်းတစ်ခုမှာ သင်၏အလုပ်အကိုင်ကို ပြောင်းရန်ဖြစ်သည်။ အပြုသဘောမဆောင်သော ပတ်ဝန်းကျင်တွင် သင်၏ အလုပ်ကိုဆက်လုပ်ရန် သင်ကလိုလားနေသေးသည်ဆိုလျှင် ဘာဆက်လုပ်မလဲ။ သင့်အတွက် အကောင်းဆုံးရွေးချယ်စရာနည်းလမ်းတစ်ခုမှာ အခြားဖန်တီးမှုရှိသော လူများနှင့်အချိန်ပေး၍နေရန် ဖြစ်ပါသည်။

ဖန်တီးမှုရှိခြင်းသည်ပြန့်ပွားရန်အလားအလာရှိပါသည်။ကောင်းမွန်သောအပြင်းအထန် ခေါင်းချင်းရိုက်အဖြေရှာပွဲတစ်ခုတွင် ဘာတွေဖြစ်ခဲ့သလဲဆိုသည်ကို သင်သတိထားမိပါသလား။ လူ တစ်ယောက်က သူ့အတွေးအခေါ်တစ်ခုကို တင်ပေးလိုက်သည်။ အခြားလူတစ်ယောက်က ထိုအတွေးကို နင်းခုံကဲ့သို့အသုံးပြုပြီး နောက်ထပ်အတွေးတစ်ခုကို ဖော်ထုတ်သည်။ နောက်တစ်ယောက်က တဖန် ပိုမိုကောင်းမွန်

သောအရပ်မျက်နှာဘက်သို့လှည့်၍ထပ်တင်သည်။ နောက်ဆုံးတွင်ထိုအကြံဉာဏ်ကိုတစ်စုံတစ်ယောက်က ဖမ်းယူဆုပ်ကိုင်လိုက်ပြီး လုံးဝဆန်းသစ်သော အဆင့်သစ် တစ်ခုဆီသို့ သယ်ဆောင်သွားလေတော့သည်။ ထို့ကြောင့် အတွေးအခေါ်များ၏ အပြန်အလှန်လှုပ်ရှားမှုသည် လူတို့အား လှုပ်လှုပ်ရှရှဖြစ်စေပါသည်။

စာရေးသူ Maxwell သည်ဖန်တီးမှုရှိသော ပုဂ္ဂိုလ်များဖြင့် ခိုင်မာသော အဖွဲ့တစ်ဖွဲ့ကို ဖွဲ့စည်းထားရှိသည်။ သူသည် ထိုပုဂ္ဂိုလ်များနှင့်အချိန်မှန် တွေ့ဆုံမှုပြုလုပ်သည်။ သူတို့နှင့်ဆွေးနွေးပြီး ပြန်လည်ထွက်ခွာသွားသောအခါ Maxwell သည်စွမ်းအားပိုရှိလာသလိုခံစားရသည်၊ အတွေးအခေါ်အကြံအစည်များလည်း ပို၍ပြည့်ဝလာသည်၊ အကြောင်းအရာတချို့ကိုလည်း မူလနှင့်ကွဲပြားခြားနားစွာ တွေ့မြင်လာရသည်၊ထို့ကြောင့် ထိုအဖွဲ့သည် Maxwell ၏ဘဝတွင်အငြင်းပွားစရာမရှိအောင် အမြဲလိုအပ်သူများဖြစ်ကြသည်။

လူတစ်ယောက်သည် အချိန်များစွာပေး၍ အတူနေသော လူတို့နှင့်စဉ်းစားပုံ စဉ်းစားနည်းတူလာတတ်သည်မှာ သဘာဝဖြစ်သည်။ ထို့ကြောင့် သင်သည် ဖန်တီးမှုရှိသော လူတို့နှင့်ဖန်တီးမှုရှိသော လှုပ်ရှားဆောင်ရွက်မှုများတွင် အချိန်ပိုပေးနိုင်လေ သင့်မှာလည်း ဖန်တီးမှုပို၍ရှိလာလေဖြစ်ပါမည်။

**(၅) သေတ္တာထဲမှ ထွက်ပါ။** ရုပ်ရှင်မင်းသမီး Katharine Hepburn ၏ မှတ်ချက်တစ်ခုမှာ "စည်းမျဉ်းများအားလုံးကို လိုက်နာနေခဲ့လျှင် သင်သည် ပျော်ရွှင်စရာအားလုံးကို လက်လွတ် ဆုံးရှုံးသွားပါလိမ့်မည်"ဟူ၏။ စည်းမျဉ်းအားလုံးကို ချိုးဖောက်ရန် လိုအပ်မည်မဟုတ်သော်လည်း မိမိ၏ တိုးတက်မှုကို နှောင့်နှေးစေသော မိမိဘာသာချမှတ်ထားသည့် ကန့်သတ်ချက်တချို့ကို ဆက်လက်လိုက်နာနေခြင်းသည် ဉာဏ်အမြော်အမြင် နည်းရာကျသည်ဟု ထင်ပါသည်။ သို့ဖြစ်၍ ဖန်တီးမှုရှိသော စဉ်းစားတွေးခေါ်သူများသည်မိမိတို့၏သမိုင်းကြောင်းနှင့်ပုဂ္ဂိုလ်ရေးကန့်သတ်ချက်တို့ ပါရှိသော သေတ္တာထဲမှ အကြိမ်ကြိမ်ဖောက်ထွက်ကြရမည်ဖြစ်သည်ကို သိရှိကြရပါမည်။ ဤနည်းဖြင့်သာ ဖန်တီးမှုရှိသော ဖောက်ထွက်ခြင်းကို လက်တွေ့လုပ်ဆောင်နိုင်ကြပါမည်။

သေတ္တာထဲမှ ထွက်ရန်သင့်ကို အထိရောက်ဆုံးအကူအညီပေးနိုင်သည့် အချက်တစ်ချက်မှာ သင်ကိုယ်တိုင်ပုံစံသစ်များ (new paradigms) အတွင်းသို့ ဝင်ရောက်ရေးဖြစ်သည်။ နေရာသစ်များသို့သွားခြင်း၊ အခြားလူတို့၏တိုင်းပြည်ယဉ်ကျေးမှု အစဉ်အလာကျင့်စဉ်တို့ကို စူးစမ်းရှာဖွေခြင်း၊ ကွဲပြားခြားနားသောလူတို့၏ နေထိုင်မှုနှင့်စဉ်းစားတွေးခေါ်မှုကိုလေ့လာခြင်း၊ ဘာသာရပ်အသစ်များ ရှာဖွေဖတ်ရှုခြင်းစသည်တို့သည် ပုံစံသစ်အတွင်းသို့ဝင်ရောက်နိုင်ရေးနည်းလမ်းများဖြစ်ပါသည်။ စာရေးသူကိုယ်တိုင်သည် စာဖတ်ဝါသနာထုံပြီး သင်ယူလေ့လာရန် စိတ်အားထက်သန်ပါသော်လည်း ဖတ်လိုသည့် ဘာသာရပ်မှာ ခေါင်းဆောင်မှုသာဖြစ်ပါသည်။ ထို့ကြောင့် တစ်ခါတစ်ရံတွင် မိမိ၏စဉ်းစားတွေးခေါ်မှုကို ကျယ်ပြန့်စေမည့် အခြားဘာသာရပ်များကို ဖတ်ရှုရန် မိမိကိုယ်မိမိ တွန်းအားပေးရ၏။ အကယ်၍ သင်သည်သင်၏ သေတ္တာအတွင်းမှ ဖောက်ထွက်လိုသောကြောင့် အခြားတစ်နေရာသို့ ဝင်ရောက်လိုလျှင် ကျယ်ပြန့်စွာစာဖတ်ပါ။

လူများစွာတို့ကမှားယွင်းစွာယုံကြည်နေကြသည်။ မွေးကတည်းက ဖန်တီးမှုမပါရှိလျှင် တစ်သက်လုံးသူတို့သည် ဖန်တီးမှုရှိလာနိုင်ကြလိမ့်မည်မဟုတ်ဟူ၍ဖြစ်၏။ သို့သော်ယခုသင်သိပါပြီ၊ အထက်တွင် ဖော်ပြခဲ့သောမဟာဗျူဟာများနှင့် နမူနာပုံစံများစွာတို့က ဖန်တီးမှုရှိခြင်းသည် မှန်ကန်သော အထောက်အကူ ပြုပတ်ဝန်းကျင်တွင်ပြုစုပျိုးထောင်၍ရကြောင်း သက်သေခံလျက်ရှိနေကြသည်မဟုတ်ပါလော။